


cover - Zaw Mong

မြန်မာလူကျော် ၁၀၀ (ပထမအုပ်) ● မောင်ရေယျာ

UNITY

UNITY

# မြန်မာလူကျော် ၁၀၀

(ပထမအုပ်)

**မောင်ရေယျာ**



# အဓိပတိ ဒေါက်တာဘမော်

## (၁၈၉၃-၁၉၇၇)



နှစ်ဆယ်ရာစု၏ ပထမ နှစ်ငါးဆယ် မြန်မာ့နိုင်ငံရေး လောက၌ ထင်ရှားသည်။ ပထမဦးဆုံးသော ဒေါက်တာဘွဲ့ရ နိုင်ငံရေးသမား နိုင်ငံ့ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန၌ မြန်မာတိုင်းရင်းသားများထဲမှ ပထမဦးဆုံးသော ကထိကရာထူးကို ရခဲ့သူ၊ လန်ဒန် ဂရေးအင်း ဥပဒေကျောင်းမှ (**Bar at Law**) ဝတ်လုံဘွဲ့နှင့် ပြင်သစ်နိုင်ငံ ဘောဒိုးတက္ကသိုလ်မှ ပါရဂူဘွဲ့ (ပီအိပ်ချ်ဒီ) ကို ပထမဆုံး ရခဲ့သူ။ အုပ်ချုပ်ရေးသမားတစ်ဦးအနေဖြင့် ကိုးဆယ့်တစ်ဌာန အုပ်ချုပ်ရေးတွင် ပညာရေးဝန်ကြီးချုပ်၊ နန်းရင်းဝန် (ဝန်ကြီးချုပ်)၊ ဂျပန်ခေတ် နိုင်ငံတော် အကြီးအကဲ (အဓိပတိ) တာဝန်များကို ထမ်းဆောင်ခဲ့သူ။ နိုင်ငံ့ခေါင်းဆောင်တစ်ဦးအနေဖြင့် ပညာအရည်အချင်းနှင့် လုပ်ရည်ကိုင်ရည် ထက်မြက်မှုတွင် ကမ္ဘာက အသိအမှတ်ပြုခံရသူ ဖြစ်သည်။

**ဘမော်၊ ဒေါက်တာ**

၁၈၉၃ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက် ဗုဒ္ဓဟူးနေ့တွင် မအူပင်မြို့၌ ဖွားသည်။ အဖ ဦးကျေး (ဦးမောင်မောင်ကျေး)၊ အမိ ဒေါ်သိန်းတင် ဖြစ်သည်။ မွေးချင်းနှစ်ယောက်တွင် အငယ်ဖြစ်သည်။ အကြီးမှာ ဥပဒေပါမောက္ခ ဒေါက်တာဘဟန်ဖြစ်သည်။ ငယ်စဉ်က ခရစ်ယာန်ဘာသာဝင် ဖြစ်သည်။ ဥရောပမှ ပညာသင်ပြန်လာပြီးနောက် ဗုဒ္ဓဘာသာဝင်အဖြစ် ပြောင်းခဲ့သည်။

ရန်ကုန် စိန့်ပေါလ် အထက်တန်းကျောင်း၊ ရန်ကုန် ကောလိပ်၊ ကိန်းဘရစ် တက္ကသိုလ်၊ လန်ဒန် ဂရေးအင်း ဥပဒေသင်ကျောင်းတို့တွင် ပညာသင်ခဲ့သည်။ ၁၉၁၃ ခုနှစ်တွင် ရန်ကုန်ကောလိပ်မှ ဝိဇ္ဇာဘွဲ့၊ ၁၉၁၇ ခုနှစ်တွင် ပြင်ပမှ အလွတ်ဖြေ၍ ကာလကတ္တားတက္ကသိုလ် မဟာဝိဇ္ဇာဘွဲ့၊ ၁၉၂၃ ခုနှစ်တွင် လန်ဒန်ဂရေးအင်းမှ ဘာရစ်စတာ ဝတ်လုံတော်ရဘွဲ့၊ ၁၉၂၄ ခုနှစ်တွင် ပြင်သစ်ပြည် ဘောဒိုးတက္ကသိုလ်မှ ပါရဂူဘွဲ့ (ပီအိပ်ချ်ဒီ) တို့ ရခဲ့သည်။ ပီအိပ်ချ်ဒီဘွဲ့အတွက် တင်သွင်းသည့် စာတမ်းမှာ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာရှိ ဈာန်ကမ္မဋ္ဌာန်းများကို နှိုင်းယှဉ်လေ့လာသည့် 'အိစ်တင်းမစ်တစ်ဇင်း' (Eastern Mysticism) စာတမ်းဖြစ်သည်။ ၁၉၂၁–၂၃ တွင် ကိန်းဘရစ်တက္ကသိုလ်၌ ပါရဂူဘွဲ့အတွက် ပညာသင်ကြားနေစဉ် ကျမ်းကြီးကြပ်သူအား ခွင့်မတောင်းဘဲ လန်ဒန် ဂရေးအင်းမှ ဝတ်လုံစာမေးပွဲကို သွားရောက်ဖြေဆိုခဲ့သည်။ ဤကိစ္စနှင့် ပတ်သက်၍ ကျမ်းကြီးကြပ်သူနှင့် ပြဿနာ ဖြစ်သည်။ ထိုကြောင့် ပါရဂူဘွဲ့ယူကျမ်းကို ကိန်းဘရစ်တက္ကသိုလ် မတင်တော့ဘဲ ပြင်သစ်နိုင်ငံ ဘောဒိုးတက္ကသိုလ်တွင် တင်ခဲ့ခြင်း ဖြစ်သည်။

၁၉၁၃–၁၉၁၇ တွင် ရန်ကုန် အစိုးရ အထက်တန်းကျောင်း၊ အမေရိကန် သာသနာပြုကျောင်းများ၌ အထက်တန်းပြဆရာ၊ ၁၉၁၇–၂၀ တွင် ရန်ကုန် ကောလိပ်၌ အင်္ဂလိပ်စာကထိက။ ၁၉၂၁–၂၄ တွင် ဥရောပ ပညာသင်၊ ၁၉၂၄–၃၂ တွင် ဝတ်လုံတော်ရ၊ ၁၉၃၂–၃၄ တွင် ဂျီစီဘီအေခေါင်းဆောင်၊ ၁၉၃၄–၃၇ တွင် ပညာရေးဝန်ကြီးချုပ်၊ ၁၉၃၇–၃၉ တွင် ညွန့်ပေါင်းအစိုးရ နန်းရင်းဝန်၊ ၁၉၄၂–၄၃ ဂျပန်ခေတ်တွင် နိုင်ငံတော် ယာယီအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ၁၉၄၃ ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော် အဓိပတိ ဝန်ကြီးချုပ်၊ စစ်သေနာပတိအဖြစ် တာဝန်ယူခဲ့သည်။

၁၉၃၁ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကြိုးမိန့်ပေးခံရသော လယ်သမားခေါင်းဆောင် ဂဠုန်ဆရာစံအမှုတွင် ဆရာစံဘက်မှ ဦးဆောင်၍ ခုခံချေပခဲ့သည်။ ထိုအချိန်မှစ၍ နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့သည်။ ၁၉၃၂ ခုနှစ် ခွဲရေး တွဲရေးတွင် ဝတ်လုံ ဦးကျော်မြင့်၊ ရမ်းဗြဲ ဦးမောင်မောင်တို့နှင့် ပေါင်း၍ တွဲရေးဘက်မှ ဦးဆောင်သည်။ ၁၉၃၂ ခုနှစ် နိုဝင်ဘာလနှင့် ၁၉၃၆ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲများတွင် ရမည်းသင်း မြောက်ပိုင်းမှ အမတ်အဖြစ် အရွေးခံရသည်။ ၁၉၃၃ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်မှ ၁၉၃၄ ခုနှစ် ဇွန်လ ၁၈ ရက်အထိ ကျင်းပသော တတိယအကြိမ် လန်ဒန် မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်သည်။ မြန်မာပြည်မှ ကိုယ်စားလှယ် ၁၂ ဦး တက်သည်။ လန်ဒန်မှအပြန် ၁၉၃၄ ခုနှစ် မတ်လတွင် ပညာရေး ဝန်ကြီးချုပ် ရာထူးကို လက်ခံခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ဆင်းရဲသားအဖွဲ့ကို ဦးဆောင် ဖွဲ့စည်းသည်။

၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်တွင် ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဦးဆောင်၍ နန်းရင်းဝန် (ဝန်ကြီးချုပ်) ရာထူးယူသည်။ ၁၉၃၇ ခုနှစ် မေလ ၁၂ ရက်တွင် ဆဋ္ဌမမြောက် ဂျော့ဘုရင်၏ ဘိသိက်ခံပွဲသို့ ကိုယ်စားလှယ်တစ်ဦးအဖြစ် တက်ရောက်ခဲ့သည်။ ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလတွင် ညွန့်ပေါင်းအစိုးရကို လွှတ်တော်၌ အယုံအကြည်မရှိ အဆိုတင်သွင်းကာ ဖြုတ်ချခံရသည်။ ဒေါက်တာဘမော်သည် လွှတ်တော်မှထွက်၍ ဗြိတိသျှဆန့်ကျင်ရေးကို ဆောင်ရွက်သည်။ ၁၉၃၉ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ဆင်းရဲသားပါတီ၊ တို့ဗမာအစည်းအရုံး၊ ငါးပွင့်ဆိုင်အဖွဲ့၊ တသီးပုဂ္ဂလ ကျောင်းသားများ စုပေါင်း၍ ဗမာ့ထွက်ရပ်ဂိုဏ်းကို ဖွဲ့စည်းရာ ဒေါက်တာဘမော်က ဥက္ကဋ္ဌ၊ သခင်အောင်ဆန်းက အထွေထွေ



အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်တွင် မြန်မာပြည် ကာကွယ်ရေး ဥပဒေချိုးဖောက်မှုဖြင့် ထောင်ဒဏ်တစ်နှစ် ချမှတ်ခံရသည်။

၁၉၄၂ ခုနှစ် ဧပြီလတွင် ဇနီးဖြစ်သူ၏ အကူအညီဖြင့် မိုးကုတ်အကျဉ်းထောင်မှ ထွက်ပြေးခဲ့သည်။ ကျောက်မဲမြို့တွင် ဂျပန်စစ်တပ်နှင့် တွေ့ကာ ၁၉၄၂ ခုနှစ် ဩဂုတ်လ ၁ ရက်၌ မြန်မာပြည် အစိုးရအဖွဲ့ဝန်ကြီးချုပ် တာဝန် ပေးအပ်ခံရသည်။ ၁၉၄၃ ခုနှစ် မတ်လ ၁၁ ရက်တွင် ဂျပန်အစိုးရ၏ ဖိတ်ကြားချက်အရ အဖွဲ့ခေါင်းဆောင်အဖြစ် သခင်မြ၊ ဒေါက်တာ သိန်းမောင်၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးကျော်ငြိမ်းတို့နှင့်အတူ ဂျပန်နိုင်ငံသို့ သွားခဲ့သည်။ ဂျပန်ဘုရင်၏ တက်နေဝန်း (ပထမအဆင့်) တံဆိပ် ချီးမြှင့်ခံရသည်။ ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် လွတ်လပ်သော မြန်မာနိုင်ငံ အစိုးရအဖွဲ့၌ အဓိပတိအဖြစ် ရွေးချယ်တင်မြှောက်၍ ဝန်ကြီးချုပ်နှင့် စစ်သေနာပတိရာထူးများကိုလည်း ပူးတွဲတာဝန်ယူခဲ့သည်။ ၁၉၄၃ ခုနှစ် နိုဝင်ဘာလ ၅ ရက်မှ ၆ ရက်အထိ တိုကျိုမြို့၌ ကျင်းပသည့် မဟာအရှေ့အာရှနိုင်ငံများ ကွန်ဖရင့်သို့ တက်ရောက်ခဲ့သည်။ ၁၉၄၅ ခုနှစ် ဧပြီလ ၂၃ ရက်တွင် ဂျပန်စစ်တပ်များ ရန်ကုန်မှ ဆုတ်ခွာရာ၌ ဝန်ကြီးအချို့နှင့်အတူ လိုက်ပါခဲ့ရသည်။ ဒေါက်တာဘမော်မှအပ ကျန်ဝန်ကြီးများမှာ မုဒုံတွင် ချန်ရစ်၍ ဒေါက်တာဘမော် တစ်ဦးတည်းသာ ဂျပန်ပြည်အထိ ပါသွားခဲ့သည်။ ၁၉၄၅ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်ပြည်၌ မဟာမိတ်တို့ထံ ဒေါက်တာဘမော် လက်နက်ချသည်။ ထို့နောက် ၁၉၄၆ ခုနှစ် ဇူလိုင်လအထိ ဂျပန်နိုင်ငံ ဆူဂါမိုအကျဉ်းထောင်တွင် အကျဉ်းချခံရသည်။

၁၉၄၆ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် ရန်ကုန်သို့ ပြန်ရောက်သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့ကြီးသို့ မဝင်ဘဲ သီးခြား 'မဟာဗမာ' ပါတီကို တည်ထောင်သည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်တွင် ချုပ်ဆိုသော အောင်ဆန်း အက်တလီစာချုပ်ကို မထောက်ခံဘဲ ဝေဖန်ကန့်ကွက်သည်။ ၁၉၄၇ ခုနှစ် ဧပြီလတွင် ကျင်းပသော တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကို ဦးစော၊ သခင်ဗစိန်တို့နှင့်ပေါင်း၍ စောစိန်မော် မဟာမိတ်ဖွဲ့ကာ သပိတ်မှောက်ခဲ့သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသောအခါ အတိုက်အခံ နိုင်ငံရေးခေါင်းဆောင် တစ်ဦးအဖြစ် ၁၉၄၇

ခုနှစ် ဩဂုတ်လမှ ၁၉၄၈ ခုနှစ် ဇူလိုင်လထိ အကျဉ်းချခံရသည်။ ၁၉၅၉ ခုနှစ်တွင် အမျိုးသားပေါင်းစုံ မဟာမိတ်အဖွဲ့ နာယကအဖြစ် ဆောင်ရွက်သည်။ ၁၉၆၆ ခုနှစ် မေလတွင် ထပ်မံအကျဉ်းချခံရသည်။

၁၉၂၆ ခုနှစ် ဧပြီလ ၂၅ ရက်တွင် ဒေါ်ခင်မမနှင့် လက်ထပ်၍ သားသုံးဦး (ဦးဇာလီမော်၊ ဦးဗညားမော်၊ ဦးနေတာမော်)၊ သမီးလေးဦး (ဒေါ်တင်စာမော်၊ ဒေါက်တာ မာလာမော်၊ ဒေါက်တာ သီတာမော်၊ ဒေါ်ဥမ္မာမော်) ထွန်းကားသည်။ ဇနီးဖြစ်သူ ဒေါ်ခင်မမမော်မှာ ခင်ပွန်းသည်၏ လုပ်ငန်းများတွင် အကူအညီ အထောက်အပံ့ ပေးနိုင်၍ ထူးချွန်ထက်မြက်သော အမျိုးသမီးတစ်ဦးအဖြစ် ထင်ရှားသည်။ ဂျပန်ခေတ်တွင် မြန်မာပြည်လုံးဆိုင်ရာ အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဒေါက်တာဘမော်သည် အင်္ဂလိပ်ဘာသာဖြင့် Breakthrough in Burma : Memoirs of a Revolution, 1939 - 1946 'ကျွန်ုပ်တို့ ရန်းထွက်ခဲ့ပြီ' ဟူသော စာအုပ်ရေးသား၍ ၁၉၆၇ ခုနှစ်တွင် အမေရိကန်နိုင်ငံ ယေးလ်တက္ကသိုလ်မှ ပုံနှိပ်ထုတ်ဝေခဲ့သည်။

ဒေါက်တာဘမော်သည် ၁၉၇၇ ခုနှစ် မေလ ၂၉ ရက်တွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၈၁ (က) နေအိမ်၌ ကွယ်လွန်ခဲ့သည်။

❐

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

---

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူ များအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

---

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

---

စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

---

လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာအုပ်အမှတ် (၆၀)

# မြန်မာလူကျော် ၁၀၀

## (ပထမအုပ်)

မောင်ဇေယျာ

UNITY
အမှတ် ၃၆၊ အပေါ်ဆုံးထပ်၊ ဟသ်ာတလမ်း၊
စမ်းချောင်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၃၀၉၇၇